မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၂၁ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၈**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် )

**ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့်ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်းသည့်ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်ကို ပညာရှင်များ၊ ပါဝင်ထိုက်သည့်ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာချက်နှင့်အညီ **"ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးဝင်းမြင့်<br>ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်အေးမောင်<br>ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသာလှရွှေ<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ဃ) | ဦးတင်မောင်ဝင်း<br>အဖွဲ့ဝင်<br>ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဗဟိုအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးလှမောင်<br>အဖွဲ့ဝင်<br>မဟာဗျူဟာလေ့လာရေးအဖွဲ့<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဦးအောင်ဝင်းခိုင် — အဖွဲ့ဝင်
နာယက
ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့
(ဆ) ဒေါ်စောခင်တင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း
(ဇ) ဒေါ်ခင်မျိုးမြင့် — အဖွဲ့ဝင်
အဖွဲ့ဝင်
နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေးအဖွဲ့
(ဈ) ဦးမောင်မောင်သန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

၂။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းကုန် ယာယီသက်သေခံလက်မှတ်များ ပြန်လည်အပ်နှံခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအဆင့်တိုင်းတွင် ဥပဒေနှင့်အညီဖြစ်စေရေး အကြံပြုတင်ပြရန်။

(ခ) ယာယီသက်သေခံလက်မှတ်နှင့် ဆက်စပ်နေသောကိစ္စရပ်များဖြစ်သည့် မြန်မာနိုင်ငံ၏ နိုင်ငံသားအဆင့်အတန်း သတ်မှတ်ရပ်တည်မှုနှင့် ရရှိသင့်သည့် အခွင့်အရေးများအား နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ လေ့လာသုံးသပ်အကြံပြုတင်ပြရန်။

(ဂ) ယာယီသက်သေခံလက်မှတ် သက်တမ်းကုန်ဆုံးအပ်နှံပြီးနောက် ဥပဒေနှင့်အညီ ကတ်ပြားတစ်မျိုးမျိုး ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် အကြံပြုတင်ပြရန်။

(ဃ) ယာယီသက်သေခံလက်မှတ် အပ်နှံပြီးသူများအား နိုင်ငံမဲ့များအခြေအနေဆိုင်ရာ ကွန်ဗင်းရှင်း၊ လူ့အခွင့်အရေး (Human Rights) စသည့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် လေ့လာသုံးသပ် အကြံပြုတင်ပြရန်။

(င) အထက်ပါအချက်များအပြင် အခြားလိုအပ်သည်များကို ဆက်စပ်လေ့လာသုံးသပ်၍ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များအား အကြံပြုတင်ပြရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

### အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီတွင် အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၅) ဖြင့် ဖွဲ့စည်းခဲ့သော **"အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ"** တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

**ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်အမှတ် (၇/၂၀၁၄) ဖြင့် မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၃/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

**မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ည) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

အောက်ဖော်ပြပါ ပြစ်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုများ အဖြစ် သတ်မှတ်လိုက်သည် -

(၁) အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့ခြင်းအပါအဝင် အကြမ်းဖက်မှုများ၊
(၂) လူကုန်ကူးမှုများနှင့် လူမှောင်ခိုမှုများ၊

(၃) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအား တရားမဝင်ကုန်ကူးမှုများ၊
(၄) လက်နက်များတရားမဝင်ကုန်ကူးမှုများ၊
(၅) ခိုးရာပါနှင့် အခြားပစ္စည်းများတရားမဝင်ကုန်ကူးမှုများ၊
(၆) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများ၊
(၇) လိမ်လည်မှုများ၊
(၈) ငွေကြေးအတုပြုလုပ်မှုများ၊
(၉) လူသတ်မှုနှင့် လူကိုအပြင်းအထန် ထိခိုက်နာကျင်စေသောပြစ်မှုများ၊
(၁၀) ပြန်ပေးဆွဲမှု၊ မတရားတားဆီးချုပ်နှောင်မှုနှင့် ဓားစာခံဖမ်းဆီးမှုများ၊
(၁၁) ဓားပြမှု သို့မဟုတ် ခိုးမှု၊
(၁၂) အကောက်ခွန်၊ ယစ်မျိုးနှင့် အခွန်များဆိုင်ရာ အပါအဝင် မှောင်ခိုမှုများ၊
(၁၃) ခြောက်လှန့်တောင်းယူမှုများ၊
(၁၄) အတုပြုလုပ်မှုများ။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်/ဌာန | ရာထူး | အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ခန့်အပ်မည့် ဗဟိုအဖွဲ့အစည်းများ |
|---|---|---|---|
| (က) | ဦးလှထွန်း | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံတော်သမ္မတရုံး |
| (ခ) | ဦးဇော်သန်းသင်း | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး |

၃။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဗဟိုအဖွဲ့အစည်းများ၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၅

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်/ဌာန | ရာထူး | အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ခန့်အပ်မည့် ပြည်ထောင်စုဝန်ကြီးဌာနများ |
|---|---|---|---|
| (က) | ဦးထွန်းလှအောင်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) | ဗိုလ်မှူးချုပ်စန်းဝင်း<br>နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် | ဒုတိယကျောင်းအုပ်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| (ဂ) | ဦးစံရွှေအောင်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | နယ်စပ်ရေးရာဝန်ကြီးဌာန |

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်/ဌာန | ရာထူး | အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ခန့်အပ်မည့် ပြည်ထောင်စုဝန်ကြီးဌာနများ |
|---|---|---|---|
| (က) | ဦးတင့်ဆွေ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ညွှန်ကြားရေးမှူးချုပ် | ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဦးခင်မောင်သက်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန |
| (ဂ) | ဦးခင်မောင်ရီ<br>မြန်မာ့သစ်လုပ်ငန်း | ဦးဆောင်ညွှန်ကြားရေးမှူး | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးသွင်မြင့်မောင်<br>စက်မှုညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | စက်မှုဝန်ကြီးဌာန |
| (င) | ဦးတိုးအောင်မြင့်<br>ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာသက်ခိုင်ဝင်း<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| (ဆ) | ဦးငွေအောင်<br>အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | ဦးဆောင်ညွှန်ကြားရေးမှူး | သတ္တုတွင်းဝန်ကြီးဌာန |
| (ဇ) | ဦးကျော်လင်း<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ဦးဆောင်ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဈ) | ဦးမျိုးအောင်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန |
| (ည) | ဦးဇော်မင်းဦး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း | ကျောင်းအုပ်ကြီး | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| (ဋ) | ဦးကျော်စွာစိုး<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

## နိဒါန်း

နိုင်ငံတော်၏ စီးပွားရေး မူဝါဒ (၄) ရပ်ဖြစ်သော နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်း ကိန်းဂဏန်းတိကျမှန်ကန်ရေး စသည်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ဆင်းရဲမှု လျော့နည်းလာစေရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်ထိရောက်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေးစသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမျှော်မှန်းချက်များကို ဖော်ပြပါစီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလ

အတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စက်မှုဇုန်များနှင့်အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၉. ၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၂. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၈. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၀. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄၆. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၆. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၈. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းများအရ -

(၁) ကချင်ပြည်နယ်တွင် ၅. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၁၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၁၀. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၁၀. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၉. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၈. ၆ ရာခိုင်နှုန်းမှ ၂၇. ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅. ၀ ရာခိုင်နှုန်းမှ ၃၅. ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆. ၄ ရာခိုင်နှုန်းမှ ၃၇. ၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်း စားသုံးမှုတန်ဖိုးကို ကျပ် ၅၁,၄၄၈. ၄ ဘီလီယံဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၅. ၆ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၄. ၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက် ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၃,၁၅၈. ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၇,၃၄၀. ၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) မှာ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၂၈၁,၁၀၅ မှ ကျပ် ၁,၄၀၃,၉၇၈ သို့ဖြစ်ပေါ်လာရန်။ (၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရှေ့ပြေးလူဦးရေစာရင်းအရ)

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကိုဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရ ရှင်သန်စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက် ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်း ပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိစသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပူးတွဲ-၁**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆,၄၈၉,၃၀၈. ၂** | **၃၀. ၃** | **၃. ၉** | **၁၇,၁၁၈,၃၄၂. ၁** | **၂၈. ၈** | **၃. ၈** |
| | ၁ | လယ်ယာ | ၁၁,၉၄၄,၀၈၇. ၈ | ၂၁. ၉ | ၂. ၇ | ၁၂,၂၁၇,၅၆၇. ၇ | ၂၀. ၅ | ၂. ၃ |
| | ၂ | သားငါး | ၄,၄၃၉,၈၀၉. ၉ | ၈. ၂ | ၈. ၇ | ၄,၇၉၅,၁၅၅. ၀ | ၈. ၁ | ၈. ၀ |
| | ၃ | သစ်တော | ၁၀၅,၄၁၀. ၅ | ၀. ၂ | -၂၉. ၄ | ၁၀၅,၆၁၉. ၄ | ၀. ၂ | ၀. ၂ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၅,၈၂၇,၆၁၂. ၇** | **၂၉. ၁** | **၁၀. ၄** | **၁၇,၄၃၄,၃၁၅. ၄** | **၂၉. ၃** | **၁၀. ၂** |
| | ၁ | စွမ်းအင် | ၈၀,၅၂၄. ၁ | ၀. ၂ | ၁၃. ၄ | ၈၂,၆၄၆. ၅ | ၀. ၁ | ၂. ၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၅၁,၆၇၈. ၆ | ၀. ၈ | ၈. ၈ | ၄၉၄,၅၅၈. ၉ | ၀. ၈ | ၉. ၅ |
| | ၃ | စက်မှုလက်မှု | ၁၁,၈၀၂,၃၈၄. ၁ | ၂၁. ၇ | ၉. ၅ | ၁၂,၉၉၀,၇၁၉. ၃ | ၂၁. ၉ | ၁၀. ၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၄၀,၂၀၆. ၈ | ၁. ၂ | ၁၁. ၆ | ၆၉၈,၇၆၀. ၃ | ၁. ၂ | ၉. ၁ |
| | ၅ | ဆောက်လုပ်မှု | ၂,၈၅၂,၈၁၉. ၁ | ၅. ၂ | ၁၄. ၁ | ၃,၁၆၇,၆၃၀. ၄ | ၅. ၃ | ၁၁. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၂,၁၁၁,၃၄၂. ၄** | **၄၀. ၆** | **၁၂. ၄** | **၂၄,၉၂၂,၄၂၆. ၂** | **၄၁. ၉** | **၁၂. ၇** |
| | ၁ | ပို့ဆောင်ရေး | ၆,၆၇၅,၂၉၃. ၇ | ၁၂. ၃ | ၇. ၆ | ၇,၂၇၉,၉၃၁. ၆ | ၁၂. ၂ | ၉. ၁ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၁၄,၁၇၉. ၅ | ၄. ၈ | ၆၈. ၉ | ၃,၈၄၀,၃၈၃. ၆ | ၆. ၅ | ၄၆. ၉ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇,၆၆၀. ၄ | ၀. ၂ | ၂၃. ၉ | ၁၆၁,၄၉၃. ၇ | ၀. ၃ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၈၆,၉၃၉. ၇ | ၂. ၆ | ၂၁. ၂ | ၁,၅၀၂,၆၈၀. ၆ | ၂. ၅ | ၈. ၃ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၂၅၁,၁၃၁. ၄ | ၂. ၃ | ၁၁. ၇ | ၁,၄၀၃,၁၁၂. ၃ | ၂. ၄ | ၁၂. ၁ |
| | ၆ | ကုန်သွယ်မှု | ၁၀,၀၅၆,၁၃၇. ၇ | ၁၈. ၄ | ၅. ၄ | ၁၀,၇၃၄,၈၂၄. ၄ | ၁၈. ၀ | ၆. ၇ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၄,၄၂၈,၂၆၃. ၃** | **၁၀၀. ၀** | **၉. ၁** | **၅၉,၄၇၅,၀၈၃. ၇** | **၁၀၀. ၀** | **၉. ၃** |

**ပူးတွဲ-၂**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၂,၃၁၆,၉၂၀. ၉** | **၅၉. ၄** | **၇. ၀** | **၃၄,၅၅၂,၆၅၇. ၅** | **၅၈. ၁** | **၆. ၉** |
| | ၁ | လယ်ယာ | ၁၁,၉၄၄,၀၈၇. ၈ | ၂၁. ၉ | ၂. ၇ | ၁၂,၂၁၇,၅၆၇. ၇ | ၂၀. ၅ | ၂. ၃ |
| | ၂ | သားငါး | ၄,၄၃၉,၈၀၉. ၉ | ၈. ၂ | ၈. ၇ | ၄,၇၉၅,၁၅၅. ၀ | ၈. ၁ | ၈. ၀ |
| | ၃ | သစ်တော | ၁၀၅,၄၁၀. ၅ | ၀. ၂ | -၂၉. ၄ | ၁၀၅,၆၁၉. ၄ | ၀. ၂ | ၀. ၂ |
| | ၄ | စွမ်းအင် | ၈၀,၅၂၄. ၁ | ၀. ၂ | ၁၃. ၄ | ၈၂,၆၄၆. ၅ | ၀. ၁ | ၂. ၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၅၁,၆၇၈. ၆ | ၀. ၈ | ၈. ၈ | ၄၉၄,၅၅၈. ၉ | ၀. ၈ | ၉. ၅ |
| | ၆ | စက်မှုလက်မှု | ၁၁,၈၀၂,၃၈၄. ၁ | ၂၁. ၇ | ၉. ၅ | ၁၂,၉၉၀,၇၁၉. ၃ | ၂၁. ၉ | ၁၀. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၄၀,၂၀၆. ၈ | ၁. ၂ | ၁၁. ၆ | ၆၉၈,၇၆၀. ၃ | ၁. ၂ | ၉. ၁ |
| | ၈ | ဆောက်လုပ်မှု | ၂,၈၅၂,၈၁၉. ၁ | ၅. ၂ | ၁၄. ၁ | ၃,၁၆၇,၆၃၀. ၄ | ၅. ၃ | ၁၁. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၂,၀၅၅,၂၀၄. ၇** | **၂၂. ၂** | **၁၉. ၁** | **၁၄,၁၈၇,၆၀၁. ၈** | **၂၃. ၉** | **၁၇. ၇** |
| | ၁ | ပို့ဆောင်ရေး | ၆,၆၇၅,၂၉၃. ၇ | ၁၂. ၃ | ၇. ၆ | ၇,၂၇၉,၉၃၁. ၆ | ၁၂. ၂ | ၉. ၁ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၁၄,၁၇၉. ၅ | ၄. ၈ | ၆၈. ၉ | ၃,၈၄၀,၃၈၃. ၆ | ၆. ၅ | ၄၆. ၉ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇,၆၆၀. ၄ | ၀. ၂ | ၂၃. ၉ | ၁၆၁,၄၉၃. ၇ | ၀. ၃ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၈၆,၉၃၉. ၇ | ၂. ၆ | ၂၁. ၂ | ၁,၅၀၂,၆၈၀. ၆ | ၂. ၅ | ၈. ၃ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၂၅၁,၁၃၁. ၄ | ၂. ၃ | ၁၁. ၇ | ၁,၄၀၃,၁၁၂. ၃ | ၂. ၄ | ၁၂. ၁ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀,၀၅၆,၁၃၇. ၇** | **၁၈. ၄** | **၅. ၄** | **၁၀,၇၃၄,၈၂၄. ၄** | **၁၈. ၀** | **၆. ၇** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၄,၄၂၈,၂၆၃. ၃** | **၁၀၀. ၀** | **၉. ၁** | **၅၉,၄၇၅,၀၈၃. ၇** | **၁၀၀. ၀** | **၉. ၃** |

ပူးတွဲ-၃

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၂၆၁,၇၅၅. ၆ | ၂. ၃ | ၂. ၀ | ၁,၃၃၁,၆၂၄. ၈ | ၂. ၂ | ၅. ၅ |
| ၂ | ကယားပြည်နယ် | ၁၉၆,၃၂၀. ၅ | ၀. ၄ | ၁၀. ၁ | ၂၁၄,၅၇၀. ၃ | ၀. ၄ | ၉. ၃ |
| ၃ | ကရင်ပြည်နယ် | ၁,၀၀၂,၇၄၈. ၉ | ၁. ၉ | ၁၅. ၄ | ၁,၁၁၂,၅၈၃. ၁ | ၁. ၉ | ၁၁. ၀ |
| ၄ | ချင်းပြည်နယ် | ၂၂၀,၆၀၂. ၄ | ၀. ၄ | ၂၆. ၄ | ၂၃၁,၅၀၉. ၂ | ၀. ၄ | ၄. ၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၃၂၉,၀၁၅. ၉ | ၁၁. ၆ | ၉. ၆ | ၆,၉၆၆,၀၃၈. ၃ | ၁၁. ၇ | ၁၀. ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၈၆၃,၁၀၁. ၃ | ၃. ၄ | ၉. ၄ | ၂,၀၅၇,၃၂၄. ၂ | ၃. ၅ | ၁၀. ၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၆၇၂,၇၄၅. ၃ | ၈. ၆ | ၈. ၇ | ၅,၁၇၂,၄၂၅. ၆ | ၈. ၇ | ၁၀. ၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၇၀,၃၁၉. ၀ | ၉. ၅ | ၈. ၂ | ၅,၆၅၄,၉၇၆. ၁ | ၉. ၅ | ၉. ၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၂၁၃,၉၇၆. ၇ | ၁၁. ၄ | ၁၂. ၄ | ၆,၈၄၁,၃၃၉. ၄ | ၁၁. ၅ | ၁၀. ၁ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၅၅,၇၉၀. ၀ | ၄. ၃ | ၁၀. ၄ | ၂,၅၆၁,၄၃၆. ၄ | ၄. ၃ | ၈. ၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၀၂၂,၈၉၅. ၀ | ၃. ၇ | ၅. ၇ | ၂,၁၇၆,၁၆၉. ၅ | ၃. ၆ | ၇. ၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂,၁၁၂,၈၀၆. ၈ | ၂၂. ၃ | ၉. ၃ | ၁၃,၅၈၁,၀၄၁. ၃ | ၂၂. ၈ | ၁၂. ၁ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၆၉၉,၇၉၉. ၁ | ၆. ၈ | ၅. ၀ | ၃,၈၆၇,၆၃၀. ၁ | ၆. ၅ | ၄. ၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၀၀၇,၈၅၄. ၆ | ၁၁. ၀ | ၆. ၂ | ၆,၃၀၀,၈၉၉. ၂ | ၁၀. ၆ | ၄. ၉ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၉၈,၅၃၂. ၂ | ၂. ၄ | ၂၈. ၂ | ၁,၄၀၅,၅၁၆. ၂ | ၂. ၄ | ၈. ၂ |

**ပူးတွဲ-၄**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (နှစ်အလိုက်စျေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၈,၉၁၄,၄၂၁. ၇** | **၂၈. ၆** | **၂၀,၁၅၆,၁၉၈. ၆** | **၂၇. ၅** | **၆. ၆** |
| | ၁ | လယ်ယာ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၁၄,၄၅၂,၄၁၁. ၉ | ၁၉. ၇ | ၅. ၀ |
| | ၂ | သားငါး | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၅,၅၉၁,၅၉၈. ၈ | ၇. ၆ | ၁၀. ၈ |
| | ၃ | သစ်တော | ၁၁၀,၉၇၆. ၆ | ၀. ၂ | ၁၁၂,၁၈၇. ၉ | ၀. ၂ | ၁. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၃,၂၂၉,၁၀၇. ၉** | **၃၅. ၀** | **၂၅,၉၅၃,၉၂၈. ၅** | **၃၅. ၄** | **၁၁. ၇** |
| | ၁ | စွမ်းအင် | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၄,၆၆၆,၇၆၃. ၉ | ၆. ၄ | ၄. ၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၇၂၈,၇၀၇. ၉ | ၁. ၀ | ၂. ၆ |
| | ၃ | စက်မှုလက်မှု | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၅,၃၈၇,၈၅၇. ၇ | ၂၁. ၀ | ၁၃. ၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၁,၀၉၇,၃၇၃. ၉ | ၁. ၅ | ၇. ၆ |
| | ၅ | ဆောက်လုပ်မှု | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၄,၀၇၃,၂၂၅. ၁ | ၅. ၅ | ၁၇. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၄,၀၉၂,၁၇၇. ၀** | **၃၆. ၄** | **၂၇,၂၀၄,၂၀၄. ၈** | **၃၇. ၁** | **၁၂. ၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈,၃၀၀,၁၉၅. ၉ | ၁၁. ၃ | ၁၀. ၁ |
| | ၂ | ဆက်သွယ်ရေး | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၁,၂၇၄,၂၆၉. ၈ | ၁. ၇ | ၁၁၆. ၅ |
| | ၃ | ငွေရေးကြေးရေး | ၉၈,၉၂၄. ၀ | ၀. ၁ | ၁၂၅,၁၄၀. ၄ | ၀. ၂ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၂,၁၆၅,၆၃၁. ၂ | ၃. ၀ | ၁၄. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၁,၇၃၉,၄၁၀. ၉ | ၂. ၄ | ၁၆. ၁ |
| | ၆ | ကုန်သွယ်မှု | ၁၂,၄၇၉,၃၅၅. ၄ | ၁၈. ၉ | ၁၃,၅၉၉,၅၅၆. ၆ | ၁၈. ၅ | ၉. ၀ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၇၃,၃၁၄,၃၃၁. ၉** | **၁၀၀. ၀** | **၁၀. ၇** |

**ပူးတွဲ-၅**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၂,၁၄၃,၅၂၉. ၆** | **၆၃. ၆** | **၄၆,၁၁၀,၁၂၇. ၁** | **၆၂. ၉** | **၉. ၄** |
| | ၁ | လယ်ယာ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၁၄,၄၅၂,၄၁၁. ၉ | ၁၉. ၇ | ၅. ၀ |
| | ၂ | သားငါး | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၅,၅၉၁,၅၉၈. ၈ | ၇. ၆ | ၁၀. ၈ |
| | ၃ | သစ်တော | ၁၁၀,၉၇၆. ၆ | ၀. ၂ | ၁၁၂,၁၈၇. ၉ | ၀. ၂ | ၁. ၁ |
| | ၄ | စွမ်းအင် | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၄,၆၆၆,၇၆၃. ၉ | ၆. ၄ | ၄. ၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၇၂၈,၇၀၇. ၉ | ၁. ၀ | ၂. ၆ |
| | ၆ | စက်မှုလက်မှု | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၅,၃၈၇,၈၅၇. ၇ | ၂၁. ၀ | ၁၃. ၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၁,၀၉၇,၃၇၃. ၉ | ၁. ၅ | ၇. ၆ |
| | ၈ | ဆောက်လုပ်မှု | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၄,၀၇၃,၂၂၅. ၁ | ၅. ၅ | ၁၇. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁,၆၁၂,၈၂၁. ၆** | **၁၇. ၅** | **၁၃,၆၀၄,၆၄၈. ၂** | **၁၈. ၆** | **၁၇. ၂** |
| | ၁ | ပို့ဆောင်ရေး | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈,၃၀၀,၁၉၅. ၉ | ၁၁. ၃ | ၁၀. ၁ |
| | ၂ | ဆက်သွယ်ရေး | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၁,၂၇၄,၂၆၉. ၈ | ၁. ၇ | ၁၁၆. ၅ |
| | ၃ | ငွေရေးကြေးရေး | ၉၈,၉၂၄. ၀ | ၀. ၁ | ၁၂၅,၁၄၀. ၄ | ၀. ၂ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၂,၁၆၅,၆၃၁. ၂ | ၃. ၀ | ၁၄. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၁,၇၃၉,၄၁၀. ၉ | ၂. ၄ | ၁၆. ၁ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၂,၄၇၉,၃၅၅. ၄** | **၁၈. ၉** | **၁၃,၅၉၉,၅၅၆. ၆** | **၁၈. ၅** | **၉. ၀** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၇၃,၃၁၄,၃၃၁. ၉** | **၁၀၀. ၀** | **၁၀. ၇** |

ပူးတွဲ-၆

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏**
**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းအရ**
**စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၅၅၁,၂၉၀. ၅ | ၂. ၃ | ၁,၆၃၇,၅၀၅. ၀ | ၂. ၂ | ၅. ၆ |
| ၂ | ကယားပြည်နယ် | ၂၂၇,၈၇၆. ၇ | ၀. ၃ | ၂၅၃,၁၇၀. ၆ | ၀. ၄ | ၁၁. ၁ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၃,၀၈၅. ၄ | ၁. ၇ | ၁,၂၈၈,၉၅၈. ၃ | ၁. ၈ | ၁၃. ၈ |
| ၄ | ချင်းပြည်နယ် | ၂၄၂,၄၇၀. ၄ | ၀. ၄ | ၂၆၈,၄၀၄. ၅ | ၀. ၄ | ၁၀. ၇ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၇,၂၃၂,၂၅၅. ၇ | ၁၀. ၉ | ၈,၁၆၀,၇၀၆. ၆ | ၁၁. ၁ | ၁၂. ၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၃၆,၁၆၆. ၂ | ၅. ၃ | ၃,၇၅၆,၆၇၄. ၆ | ၅. ၁ | ၆. ၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၈၈,၆၇၄. ၁ | ၇. ၈ | ၅,၈၇၀,၃၈၂. ၂ | ၈. ၀ | ၁၃. ၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၁၃၉,၁၃၂. ၃ | ၉. ၃ | ၆,၉၄၈,၃၁၇. ၁ | ၉. ၅ | ၁၃. ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၇၈၆,၀၈၅. ၆ | ၁၀. ၃ | ၇,၅၂၂,၅၀၀. ၆ | ၁၀. ၃ | ၁၀. ၉ |
| ၁၀ | မွန်ပြည်နယ် | ၂,၆၅၈,၇၁၉. ၆ | ၄. ၀ | ၂,၉၄၇,၁၀၅. ၁ | ၄. ၀ | ၁၀. ၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၉၅၆,၄၀၆. ၄ | ၄. ၅ | ၃,၄၅၅,၆၆၁. ၀ | ၄. ၇ | ၁၆. ၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၉၉၀,၉၈၆. ၅ | ၂၁. ၁ | ၁၅,၉၂၅,၆၇၅. ၂ | ၂၁. ၇ | ၁၃. ၈ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၁၇၃,၄၄၆. ၁ | ၆. ၃ | ၄,၄၃၈,၉၂၉. ၇ | ၆. ၀ | ၆. ၄ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈,၉၇၄,၇၉၈. ၂ | ၁၃. ၆ | ၉,၄၄၄,၁၈၄. ၅ | ၁၂. ၉ | ၅. ၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၄၄၄,၃၁၂. ၉ | ၂. ၂ | ၁,၃၉၆,၁၅၆. ၉ | ၁. ၉ | -၃. ၃ |

ပူးတွဲ-၇

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက်**
**ရင်းနှီးမြှုပ်နှံမှု လျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၆,၈၅၉,၉၂၂.၅* | ၂၉.၄ | ၆,၆၆၅,၃၁၈.၆* | ၂၅.၆ |
| ၂ | သမဝါယမပိုင် | ၂,၀၅၇.၇ | ၀.၀၁ | ၂,၁၁၃.၇ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၆,၄၃၇,၁၁၃.၀ | ၇၀.၆ | ၁၉,၃၇၉,၄၁၉.၅ | ၇၄.၄ |
| | **စုစုပေါင်း** | **၂၃,၂၉၉,၀၉၃.၂** | **၁၀၀.၀** | **၂၆,၀၄၆,၈၅၁.၈** | **၁၀၀.၀** |

* နိုင်ငံခြားချေးငွေနှင့် အထောက်အပံ့အပါအဝင် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း (၁)

## ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပုဒ်မ ၁၂ တွင် သတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

ထိုသို့ ပြည်ပမှအကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း တင်ပြချိန်ထက် ကျော်လွန်ပါက ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့်အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့်ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့်လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ လိုအပ်သလို ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ

သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှသာ ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးသတ်မှတ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခုကို ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူ ဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့် ပြုနိုင်သည်။

၁၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းအရ ငွေချေးယူသောကိစ္စများ အတွက် နိုင်ငံတော်ကိုယ်စား အာမခံချက် ပေးနိုင်သည်။

၁၂။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့်ငွေစုစုပေါင်း သည် ကျပ်သန်းပေါင်း သုံးဆယ့်ကိုးသိန်းထက် မပိုစေရ။ ဤကိစ္စရပ်တွင် ပြည်တွင်း/ပြည်ပချေးယူခြင်း နှစ်ရပ်လုံး အကျုံးဝင်သည်။

## အခန်း (၃)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၃။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံ ငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၄။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံ ခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အပိုင်း ၃

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၁၆။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အတွက် လိုအပ်သည့် သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းများဝယ်ယူခြင်းအသုံးစရိတ်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင် ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၆ (က) တွင်ပါရှိသည့် သာမန် အသုံးစရိတ်များမှအပ အခြားသာမန်အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၇။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၈။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၁၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့်ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ပြောင်းလဲ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကိုလည်းကောင်း မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကိုသတ်မှတ်ပေးနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

(ဓ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (စ) ပါ လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

**အခန်း (၃)**

**နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ**

၂၀။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင်ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ အခြားဌာနအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်း စီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရ အဖွဲ့သို့တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၉ ပုဒ်မခွဲ (စ) အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

**အခန်း (၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့ အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့်မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၂။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ၏ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

၂၃။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## သီးသန့်ရန်ပုံငွေ

၂၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) စာတိုင် (၄) တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၅။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၆။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း၊ ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်းလိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သောတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၂၉။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၀။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့်ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၃၃။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော် ဗဟိုဘဏ်

၁၆။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၁၇။ (က) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေ တို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင် သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူထည့်သွင်းဖော်ပြရမည်။

၁၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေ သီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှကျန်ရှိငွေကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန် အသုံး ပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ် လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့် ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါ အရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချေးငွေ ထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား (၁)
(ကျပ်သန်းပေါင်း)

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၇၈. ၅၄၀ | | | ၀. ၁၅၀ | | | | | | ၇၈. ၆၉၀ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကကတာဝန်ပေးသူ | | | ၃. ၀၀၀ | | | | ၂၉၇. ၄၃၂ | | ၄၄၆. ၁၄၈ | | | ၇၄၆. ၅၈၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၂၀၀ | | | | | | | | | ၀. ၂၀၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၃၀၀ | | | | | | | | | ၀. ၃၀၀ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်ကတာဝန်ပေးသူ | | | ၂၁၀. ၃၀၀ | | | | | | | | | ၂၁၀. ၃၀၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၀၅၀ | | | | | | | | | ၀. ၀၅၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂၂၈. ၅၅၀ | | | | | | | | | ၂၂၈. ၅၅၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၂. ၀၀၀ | | | | | | | | | ၁၂. ၀၀၀ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၇၈. ၄၆၈ | | | ၀. ၀၃၀ | ၆၁၂. ၀၀၀ | | ၉၁၈. ၀၀၀ | | | ၁,၆၀၈. ၄၉၈ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃၁. ၅၈၀ | | | | | | | | | ၃၁. ၅၈၀ |
| | ပေါင်း | | | | ၆၄၂. ၉၈၈ | | | ၀. ၁၈၀ | ၉၀၉. ၄၃၂ | | ၁,၃၆၄. ၁၄၈ | | | ၂,၉၁၆. ၇၄၈ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၀,၀၅၈. ၁၉၆ | | ၂,၀၈၂. ၆၄၆ | ၆. ၀၀၀ | | | | | ၁၂,၁၄၆. ၈၄၂ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၈၄၁. ၈၁၃ | | | ၉၉. ၂၉၁ | | | | | ၁,၉၄၁. ၁၀၄ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကကတာဝန်ပေးသူ | ၁,၁၈၄. ၉၇၃ | ၃. ၃၄၇ | | ၈၀၃. ၅၈၀ | | | | | ၁,၉၉၁. ၉၀၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၁၉၅. ၈၀၃ | | | ၅၀၆. ၄၂၅ | | | | | ၇,၇၀၂. ၂၂၈ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅,၄၃၈. ၄၇၆ | | | ၂၇၇. ၅၀၀ | | | | | ၅,၇၁၅. ၉၇၆ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်ကတာဝန်ပေးသူ | ၁၄,၄၀၇. ၂၀၉ | | | ၇,၀၉၇. ၀၅၅ | | | | | ၂၁,၅၀၄. ၂၆၄ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၇၀. ၆၀၈ | | | ၄. ၄၀၀ | | | | | ၇၇၅. ၀၀၈ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၉,၅၅၅. ၂၉၅ | | | ၁,၇၂၉. ၉၀၀ | | | | | ၅၁,၂၈၅. ၁၉၅ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၂,၀၃၂. ၁၂၀ | | | ၁၇၈. ၅၂၀ | | | | | ၂,၂၁၀. ၆၄၀ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃,၁၀၇. ၉၁၅ | ၁၄. ၅၃၅ | | ၁,၅၆၇. ၇၂၉ | | | | | ၄,၆၉၀. ၁၇၉ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၄၄၈. ၃၃၇ | | | ၃၁၉. ၅၅၀ | | | | | ၇,၇၆၇. ၈၈၇ |
| | ပေါင်း | | ၁၀၃,၀၄၀. ၇၄၅ | ၁၇. ၈၈၂ | ၂,၀၈၂. ၆၄၆ | ၁၂,၅၈၉. ၉၅၀ | | | | | ၁၁၇,၇၃၀. ၂၂၃ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၂,၅၇၉,၉၉၃. ၁၄၉ | | | | | | | | | | | ၂,၅၇၉,၉၉၃. ၁၄၉ |
| | ၁ | ယစ်မျိုးခွန် | | ၉၁၇. ၇၉၄ | | | | | | | | | | | ၉၁၇. ၇၉၄ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၂,၃၂၄,၅၆၅. ၃၅၅ | | | | | | | | | | | ၂,၃၂၄,၅၆၅. ၃၅၅ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ခများ | | ၆,၅၀၀. ၀၀၀ | | | | | | | | | | | ၆,၅၀၀. ၀၀၀ |
| | ၄ | အောင်ဘာလေထီဆုအခွန်ရငွေ | | ၃၀,၀၀၀. ၀၀၀ | | | | | | | | | | | ၃၀,၀၀၀. ၀၀၀ |
| | ၅ | သယ်ယူပို့ဆောင်ရေးအခွန် | | ၁၈၅,၃၀၀. ၀၀၀ | | | | | | | | | | | ၁၈၅,၃၀၀. ၀၀၀ |
| | ၆ | တံဆိပ်ခေါင်းရောင်းရငွေများ | | ၃၂,၇၁၀. ၀၀၀ | | | | | | | | | | | ၃၂,၇၁၀. ၀၀၀ |
| ၂ | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၂,၁၃၅,၄၃၄. ၆၄၅ | | | | | | | | | | | ၂,၁၃၅,၄၃၄. ၆၄၅ |
| | ၁ | ဝင်ငွေခွန် | | ၂,၁၃၅,၄၃၄. ၆၄၅ | | | | | | | | | | | ၂,၁၃၅,၄၃၄. ၆၄၅ |
| ၃ | | အကောက်ခွန် | ၎င်း | ၃၇၅,၀၀၀. ၀၀၀ | | | | | | | | | | | ၃၇၅,၀၀၀. ၀၀၀ |
| | ၁ | အကောက်ခွန် | | ၃၇၅,၀၀၀. ၀၀၀ | | | | | | | | | | | ၃၇၅,၀၀၀. ၀၀၀ |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၈၅၇,၈၄၆. ၃၃၅ | | | | | | | | | | | ၈၅၇,၈၄၆,၃၃၅ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၀. ၈၇၃ | | | | | | | | | | | ၀. ၈၇၃ |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၀. ၀၂၅ | | | | | | | | | | | ၀. ၀၂၅ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁,၂၇၂. ၉၃၇ | | | | | | | | | | | ၁,၂၇၂. ၉၃၇ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၅. ၁၅၀ | | | | | | | | | | | ၅. ၁၅၀ |
| | ၅ | အင်းအိုင်ခွန် | | ၁,၁၀၃. ၈၀၀ | | | | | | | | | | | ၁,၁၀၃. ၈၀၀ |
| | ၆ | ကြက်ပေါင်စေးအပေါ်တွင်ကောက်ခံသည့်အခွန် | | ၀. ၅၀၀ | | | | | | | | | | | ၀. ၅၀၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၃၀၆,၃၁၁. ၀၅၀ | | | | | | | | | | | ၃၀၆,၃၁၁. ၀၅၀ |
| | ၈ | ဓာတ်သတ္တုခွန်နှင့်ရတနာခွန် | | ၉,၃၉၀. ၀၀၀ | | | | | | | | | | | ၉,၃၉၀. ၀၀၀ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အကောက် | | ၅၂၉,၈၈၀. ၀၀၀ | | | | | | | | | | | ၅၂၉,၈၈၀. ၀၀၀ |
| | ၁၀ | လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန်အကောက် | | ၉,၈၈၂. ၀၀၀ | | | | | | | | | | | ၉,၈၈၂. ၀၀၀ |
| ၅ | | ပြည်ထောင်စု၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၅၂၈,၆၂၁. ၄၁၀ | | | | | | | | | | ၅၂၈,၆၂၁. ၄၁၀ |
| ၆ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၈,၃၈၆. ၇၂၁ | | | | | | | | | | ၈,၃၈၆. ၇၂၁ |
| ၇ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၎င်း | | ၁၆၁,၀၄၃. ၀၀၀ | | | | | | | | | | ၁၆၁,၀၄၃. ၀၀၀ |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၈ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | | | ၁၆,၀၃၂. ၁၁၀ | | | | | | | | | ၁၆,၀၃၂. ၁၁၀ |
| ၉ | ကာကွယ်ရေး | ၎င်း | | | ၁၅၉,၂၉၇. ၅၈၇ | | | | | | | | | ၁၅၉,၂၉၇. ၅၈၇ |
| ၁၀ | နယ်စပ်ရေးရာ | ၎င်း | | | ၉၈. ၆၇၇ | | | | ၂,၅၅၀. ၀၀၀ | | | | | ၂,၆၄၈. ၆၇၇ |
| ၁၁ | နိုင်ငံခြားရေး | ၎င်း | | | ၁,၄၉၈. ၀၀၀ | | | | ၂,၁၃၁. ၈၀၀ | | | | | ၃,၆၂၉. ၈၀၀ |
| ၁၂ | ပြန်ကြားရေး | ၎င်း | | | ၈,၅၀၃. ၄၀၀ | | | | ၈၁၄. ၉၈၀ | | | | | ၉,၃၁၈. ၃၈၀ |
| ၁၃ | သမ္မတရုံး | ၎င်း | | | | | | | | | | | | |
| ၁၄ | သာသနာရေး | ၎င်း | | | ၆၂. ၈၇၀ | | | | | | | | | ၆၂. ၈၇၀ |
| ၁၅ | သမဝါယမ | ၎င်း | | | ၁၃၉. ၇၅၈ | ၂၀,၈၃၅. ၁၈၅ | | | | ၂၁,၆၇၅. ၀၀၀ | ၃၀၆,၀၀၀. ၀၀၀ | | | ၃၄၈,၆၄၉. ၉၄၃ |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၂၉,၆၆၆. ၉၀၁ | | | ၃၇၈. ၀၀၀ | ၁၈,၀၉၃. ၅၉၈ | | ၁၈၉,၃၈၉. ၇၆၉ | | | ၂၃၇,၅၂၈. ၂၆၈ |
| ၁၇ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | ၂,၉၂၆. ၁၇၅ | | | | ၈၅,၀၃၇. ၄၁၅ | | ၂၁,၇၆၁. ၃၇၈ | | | ၁၀၉,၇၂၄. ၉၆၈ |
| ၁၈ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၎င်း | | | | | | | | | ၈,၈၇၄. ၀၀၀ | | | ၈,၈၇၄. ၀၀၀ |
| ၁၉ | ပို့ဆောင်ရေး | ၎င်း | | | ၈၂,၄၄၂. ၀၀၀ | | | | ၉,၇၁၂. ၇၆၄ | | ၁၀,၂၀၀. ၀၀၀ | | | ၁၀၂,၃၅၄. ၇၆၄ |
| ၂၀ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၁,၃၂၀. ၀၄၃ | | | | ၁,၉၁၉. ၈၁၅ | | | ၂၂. ၅၀၀ | | ၃,၂၆၂. ၃၅၈ |
| ၂၁ | လျှပ်စစ်စွမ်းအား | ၎င်း | | | ၆၀. ၀၉၂ | ၃,၀၈၈. ၇၇၆ | | | | ၃,၅၃၄. ၃၀၀ | ၄၉,၆၅၀. ၁၈၈ | ၁,၄၃၄. ၂၃၂ | | ၅၇,၇၆၇. ၅၈၈ |
| ၂၂ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | | | ၂၀,၃၄၈. ၀၀၀ | | | | | | | | | ၂၀,၃၄၈. ၀၀၀ |
| ၂၃ | စွမ်းအင် | ၎င်း | | | ၀. ၀၆၀ | | | | | | | | | ၀. ၀၆၀ |
| ၂၄ | စက်မှု | ၎င်း | | | ၁,၄၂၈. ၅၆၅ | | | | ၇၅၈. ၅၄၇ | | | | | ၂,၁၈၇. ၁၁၂ |
| ၂၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | | | ၈,၀၈၁. ၃၈၄ | | | ၃,၁၉၁. ၁၅၆ | ၃၀၆. ၀၀၀ | | | ၆၄၁. ၂၃၆ | | ၁၂,၂၁၉. ၇၇၆ |
| ၂၆ | အားကစား | ၎င်း | | | ၂၅၀. ၀၅၀ | | | | | | | | | ၂၅၀. ၀၅၀ |
| ၂၇ | ပညာရေး | ၎င်း | | | ၇,၈၃၂. ၃၀၅ | | | | ၃၅,၀၁၂. ၄၂၉ | | ၂၃,၄၆၀. ၀၀၀ | | | ၆၆,၃၀၄. ၇၃၄ |
| ၂၈ | ကျန်းမာရေး | ၎င်း | | | ၉,၃၁၃. ၅၂၆ | | | ၃. ၀၀၀ | ၂၄,၁၂၂. ၉၀၀ | | ၂၆,၅၄၇. ၀၅၀ | | | ၅၉,၉၈၆. ၄၇၆ |
| ၂၉ | သတ္တုတွင်း | ၎င်း | | | ၁,၈၅၇. ၅၀၀ | | | | ၆၈. ၆၀၀ | | | | | ၁,၉၂၆. ၁၀၀ |
| ၃၀ | ယဉ်ကျေးမှု | ၎င်း | | | ၆,၆၀၇. ၅၅၃ | | | | | | | | | ၆,၆၀၇. ၅၅၃ |
| ၃၁ | ဘဏ္ဍာရေး | ၎င်း | | | ၂၅,၂၄၇. ၀၂၈ | ၅၃,၀၄၄. ၄၂၁ | | | ၁,၄၄၈. ၆၀၄ | ၅,၇၇၃. ၉၁၈ | ၁,၇၂၈. ၆၉၆ | | | ၈၇,၂၄၂. ၆၆၇ |
| ၃၂ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၉,၅၁၁. ၄၂၀ | | | ၁. ၄၅၀ | ၈၃၂. ၁၈၀ | | ၆၆၇. ၇၁၂ | | | ၁၁,၀၁၂. ၇၆၂ |
| ၃၃ | ဆောက်လုပ်ရေး | ၎င်း | | | ၃၉,၅၀၁. ၅၆၁ | | | ၂၀၀,၀၀၀. ၀၀၀ | ၂၇,၉၀၈. ၄၃၇ | | ၃၃၁,၈၅၁. ၀၀၀ | | | ၅၉၉. ၂၆၀. ၉၇၈ |
| ၃၄ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၎င်း | | | ၅၈. ၂၅၇ | | | | | | | | | ၅၈. ၂၅၇ |
| ၃၅ | ရထားပို့ဆောင်ရေး | ၎င်း | | | ၂၀,၇၀၅. ၂၀၂ | | | | | | | | | ၂၀,၇၀၅. ၂၀၂ |
| ၃၆ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | | | ၄၇. ၀၀၀ | | | | ၈၄၅. ၃၆၆ | | | | | ၈၉၂. ၃၆၆ |
| ၃၇ | သိပ္ပံနှင့်နည်းပညာ | ၎င်း | | | ၂,၂၂၀. ၈၉၀ | | | ၅. ၀၀၀ | ၂,၁၀၈. ၇၆၈ | | | | | ၄,၃၃၄. ၆၅၈ |
| ၃၈ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | | | ၄၀,၂၂၆. ၃၁၄ | | | | | | | | | ၄၀,၂၂၆. ၃၁၄ |
| ၃၉ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | | | ၈၈. ၈၆၃ | | | | | | | | | ၈၈. ၈၆၃ |
| ၄၀ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | | | | | | | | | | | | |
| | ပေါင်း | | ၅,၉၄၈,၂၇၄. ၁၂၉ | ၆၉၈,၀၅၁. ၁၃၁ | ၄၉၅,၃၇၃. ၀၉၁ | ၇၆,၉၆၈. ၃၈၂ | | ၂၀၃,၅၇၈. ၆၀၆ | ၂၁၃,၆၇၂. ၁၈၃ | ၃၀,၉၈၃. ၂၁၈ | ၉၇၀. ၁၂၉. ၇၉၃ | ၂,၀၉၇. ၉၆၈ | | ၈,၆၃၉,၁၂၈. ၅၀၁ |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၂၄၁,၀၄၇. ၅၉၁ | ၁. ၂၄၅ | ၆၁. ၃၅၇ | ၃၉,၄၃၀. ၆၃၇ | | ၃၂. ၈၀၃ | | | ၂၈၀,၅၇၃. ၆၃၃ |
| ၂ | ကာကွယ်ရေး | ၎င်း | ၁,၄၈၆,၃၃၇. ၁၀၉ | ၂၇. ၉၄၁ | | ၁,၂၆၄. ၀၂၈. ၃၈၀ | | ၂၀၉. ၅၀၇ | | | ၂,၇၅၀,၆၀၂. ၉၃၃ |
| ၃ | နယ်စပ်ရေးရာ | ၎င်း | ၂၀,၄၉၆. ၂၉၂ | ၇. ၄၉၆ | ၁၂,၄၉၂. ၇၉၅ | ၉၇,၂၂၀. ၂၄၆ | | ၁၉၈. ၂၃၉ | | | ၁၃၀,၄၁၅. ၀၆၈ |
| ၄ | နိုင်ငံခြားရေး | ၎င်း | ၃၈,၄၁၅. ၀၃၉ | | ၄,၃၉၀. ၁၂၀ | ၂၈,၀၃၇. ၁၀၆ | | | | | ၇၀,၈၄၂. ၂၆၅ |
| ၅ | ပြန်ကြားရေး | ၎င်း | ၂၇,၆၂၂. ၄၂၉ | | | ၈,၁၅၃. ၄၈၆ | | | | | ၃၅,၇၇၅. ၉၁၅ |
| ၆ | သမ္မတရုံး | ၎င်း | | | | | | | | | |
| ၇ | သာသနာရေး | ၎င်း | ၈,၅၆၇. ၇၁၆ | | ၄,၁၇၈. ၃၄၅ | ၁,၅၆၅. ၄၉၆ | | | | | ၁၄,၃၁၁. ၅၅၇ |
| ၈ | သမဝါယမ | ၎င်း | ၄,၉၂၈. ၄၅၈ | ၂၀,၈၃၅. ၁၈၅ | | ၃,၆၀၀. ၄၇၀ | ၃၀၆,၀၀၀. ၀၀၀ | ၂၁,၆၇၅. ၀၀၀ | | | ၃၅၇,၀၃၉. ၁၁၃ |
| ၉ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၂၂၈,၅၆၅. ၆၈၄ | ၃,၂၅၂. ၂၈၃ | ၁၃၅. ၃၃၈ | ၄၅၁,၉၄၃. ၉၉၄ | | ၆,၀၂၃. ၀၂၃ | | | ၆၈၉,၉၂၀. ၃၂၂ |
| ၁၀ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၂၉,၈၂၈. ၂၉၁ | ၂၂. ၁၀၉ | ၁၇၇,၈၁၀. ၆၆၁ | ၃၀၅,၆၄၅. ၇၈၄ | | ၅၇၄. ၀၂၀ | | | ၅၁၃,၈၈၀. ၈၆၅ |
| ၁၁ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၎င်း | ၁,၇၂၉. ၉၉၄ | ၆၃. ၉၄၅ | ၁၁၃. ၂၂၀ | ၉,၀၆၃. ၃၅၀ | | | | | ၁၀,၉၇၀. ၅၀၉ |
| ၁၂ | ပို့ဆောင်ရေး | ၎င်း | ၁၇,၁၂၈. ၉၆၃ | ၁၂,၅၄၀. ၁၁၈ | ၁၆၇. ၂၀၅ | ၄၄,၀၀၉. ၆၇၇ | | ၇၃၂. ၂၆၄ | | | ၇၄,၅၇၈. ၂၂၇ |
| ၁၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၁၄,၁၇၇. ၅၈၄ | | ၂၉၃. ၀၂၀ | ၅,၂၄၈. ၇၁၈ | | | ၂၅. ၀၀၀ | | ၁၉,၇၄၄. ၃၂၂ |
| ၁၄ | လျှပ်စစ်စွမ်းအား | ၎င်း | ၁၇,၁၉၈. ၇၈၄ | ၄,၇၉၆. ၀၅၄ | | ၁၂၆,၇၀၄. ၀၄၄ | | ၆,၂၄၂. ၄၉၃ | | | ၁၅၄,၉၄၁. ၃၇၅ |
| ၁၅ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၁၉,၃၂၅. ၄၆၁ | | | ၇၃၅. ၉၃၀ | | | | | ၂၀,၀၆၁. ၃၉၁ |
| ၁၆ | စွမ်းအင် | ၎င်း | ၆၃၇. ၂၂၁ | | | ၁၁. ၁၀၀ | | | | | ၆၄၈. ၃၂၁ |
| ၁၇ | စက်မှု | ၎င်း | ၉,၀၃၆. ၂၂၉ | | | ၂,၃၂၇. ၁၂၉ | | | | | ၁၁,၃၆၃. ၃၅၈ |
| ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁၃,၄၀၀. ၈၁၆ | ၂. ၈၈၄ | ၈၇. ၀၀၀ | ၆၈၈. ၆၂၅ | | | ၂,၁၃၈. ၉၃၆ | | ၁၆,၃၁၈. ၂၆၁ |
| ၁၉ | အားကစား | ၎င်း | ၁၈,၀၀၄. ၂၇၇ | | ၄၆၆. ၇၀၀ | ၅,၁၈၅. ၈၄၂ | | | | | ၂၃,၆၅၆. ၈၁၉ |
| ၂၀ | ပညာရေး | ၎င်း | ၁,၁၃၁,၄၄၇. ၁၃၅ | ၁၇၅. ၉၅၀ | ၈၄. ၀၄၅ | ၂၆၇,၃၀၆. ၂၀၄ | | | | | ၁,၃၉၉,၀၁၃. ၃၃၄ |
| ၂၁ | ကျန်းမာရေး | ၎င်း | ၄၀၀,၇၀၄. ၅၂၅ | ၁၉၉. ၁၀၂ | ၂,၁၇၇. ၄၅၀ | ၃၄၉,၉၂၀. ၃၀၁ | | | | | ၇၅၃,၀၀၁. ၃၇၈ |
| ၂၂ | သတ္တုတွင်း | ၎င်း | ၃,၁၁၉. ၂၅၃ | | ၅. ၁၀၀ | ၆၈. ၅၀၀ | | | | | ၃,၁၉၂. ၈၅၃ |
| ၂၃ | ယဉ်ကျေးမှု | ၎င်း | ၇,၉၉၉. ၈၆၉ | | ၁. ၃၀၀ | ၁၃,၂၇၂. ၂၁၈ | | | | | ၂၁,၂၇၃. ၃၈၇ |
| ၂၄ | ဘဏ္ဍာရေး | ၎င်း | ၃၀,၀၂၄. ၉၁၄ | ၈၉၀,၇၈၃. ၀၉၄ | ၇၁,၂၈၂. ၀၈၀ | ၅,၂၁၅. ၆၃၅ | | ၅၇,၂၂၀. ၂၅၀ | ၄၄,၆၉၀. ၃၅၄ | | ၁,၀၉၉,၂၁၆. ၃၂၇ |
| ၂၅ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၁၄,၈၂၀. ၉၇၇ | ၅. ၀၀၇ | ၈၃. ၇၈၂ | ၁၂,၈၂၁. ၈၅၈ | | | | | ၂၇,၇၃၀. ၆၂၄ |
| ၂၆ | ဆောက်လုပ်ရေး | ၎င်း | ၁၀၃,၁၉၁. ၆၀၉ | ၁,၈၉၇. ၄၁၃ | | ၅၅၄,၇၅၆. ၄၅၀ | | ၂,၃၇၄. ၅၃၄ | ၅,၀၀၀. ၀၀၀ | | ၆၆၇,၂၂၀. ၀၀၆ |
| ၂၇ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၎င်း | ၉,၆၄၈. ၀၀၀ | | ၅၂. ၉၈၅ | ၁,၁၃၇. ၈၀၈ | | | | | ၁၀,၈၃၈. ၇၉၃ |
| ၂၈ | ရထားပို့ဆောင်ရေး | ၎င်း | ၁၁,၃၄၀. ၆၆၅ | | | ၄၀၃. ၄၉၂ | | | | | ၁၁,၇၄၄. ၁၅၇ |
| ၂၉ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၉,၃၂၂. ၂၄၄ | | ၂,၉၄၀. ၄၀၆ | ၃,၁၀၆. ၅၁၀ | | | | | ၁၅,၃၆၉. ၁၆၀ |
| ၃၀ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၅၉,၅၄၉. ၄၇၂ | | ၁၁၃. ၆၄၉ | ၇၀,၀၀၇. ၁၂၅ | | | | | ၁၂၉,၆၇၀. ၂၄၆ |
| ၃၁ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၃,၇၂၁. ၁၀၂ | | ၂၆၈. ၅၇၄ | ၁၆၂. ၀၀၀ | | | | | ၄,၁၅၁. ၆၇၆ |
| ၃၂ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | ၆၂၈,၀၉၆. ၀၆၇ | | | | | | | | ၆၂၈,၀၉၆. ၀၆၇ |
| ၃၃ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၅၃,၈၀၀. ၅၀၀ | | | | | | | | ၅၃,၈၀၀. ၅၀၀ |

ဇယား (၄)။ ။အဆုံး
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၃၄ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရရှိသော ဇယား (၁)၊ (၂)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြထားသော တာဝန်ခံသို့မဟုတ် အဆိုပါပုဂ္ဂိုလ်ကတာဝန်ပေးသူ | ၁၀၀,၀၀၀. ၀၀၀ | | | | | | | | ၁၀၀,၀၀၀. ၀၀၀ |
| ၃၅ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၅၀,၄၄၃. ၂၈၉ | | | | | | ၁၅၀,၄၄၃. ၂၈၉ |
| ၃၆ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၄၉,၉၈၇. ၅၂၆ | | | | | | ၄၉,၉၈၇. ၅၂၆ |
| ၃၇ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၇၂,၀၃၂. ၄၁၅ | | | | | | ၇၂,၀၃၂. ၄၁၅ |
| ၃၈ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၂၅,၃၄၂. ၅၃၂ | | | | | | ၁၂၅,၃၄၂. ၅၃၂ |
| ၃၉ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၇၅,၇၈၀. ၈၄၈ | | | | | | ၁၇၅,၇၈၀. ၈၄၈ |
| ၄၀ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၅,၃၀၂. ၇၃၁ | | | | | | ၁၄၅,၃၀၂. ၇၃၁ |
| ၄၁ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၂၆,၂၁၈. ၅၇၂ | | | | | | ၁၂၆,၂၁၈. ၅၇၂ |
| ၄၂ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၁,၆၁၅. ၃၈၀ | | | | | | ၁၄၁,၆၁၅. ၃၈၀ |
| ၄၃ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၂၁,၆၄၁. ၉၀၁ | | | | | | ၁၂၁,၆၄၁. ၉၀၁ |
| ၄၄ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၇၀,၆၆၁. ၄၀၉ | | | | | | ၇၀,၆၆၁. ၄၀၉ |
| ၄၅ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၃၇,၆၂၉. ၃၄၀ | | | | | | ၁၃၇,၆၂၉. ၃၄၀ |
| ၄၆ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၃,၆၂၄. ၀၁၃ | | | | | | ၁၄၃,၆၂၄. ၀၁၃ |
| ၄၇ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၂၁၃,၅၇၂. ၄၀၃ | | | | | | ၂၁၃,၅၇၂. ၄၀၃ |
| ၄၈ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၁၅,၆၄၃. ၅၄၈ | | | | | | ၁၁၅,၆၄၃. ၅၄၈ |
| ၄၉ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအတွက်တိုင်းဒေသကြီး/ပြည်နယ်များသို့ထောက်ပံ့ငွေ | ၎င်း | | | ၃၂,၂၀၀. ၀၀၀ | | | | | | ၃၂,၂၀၀. ၀၀၀ |
| | ပေါင်း | | ၄,၇၆၃,၂၃၄. ၂၇၀ | ၉၃၄,၆၀၉. ၈၂၆ | ၂,၀၉၈,၉၀၁. ၀၃၉ | ၃,၆၇၁,၇၇၈. ၁၁၅ | ၃၀၆,၀၀၀. ၀၀၀ | ၉၅,၂၈၂. ၁၃၃ | ၅၁,၈၅၄. ၂၉၀ | | ၁၁,၉၂၁,၆၅၉. ၆၇၃ |

ဇယား (၅)
(ကျပ်သန်းပေါင်း)

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၃,၄၇၇. ၀၀၀ | | | | | | | | | ၄၃,၄၇၇. ၀၀၀ |
| | ပေါင်း | | | | ၄၃,၄၇၇. ၀၀၀ | | | | | | | | | ၄၃,၄၇၇. ၀၀၀ |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၄,၁၁၈. ၀၀၀ | | | ၇,၀၇၆. ၀၅၀ | | | | | ၂၁,၁၉၄. ၀၅၀ |
| | ပေါင်း | | ၁၄,၁၁၈. ၀၀၀ | | | ၇,၀၇၆. ၀၅၀ | | | | | ၂၁,၁၉၄. ၀၅၀ |

ဇယား (၇)
(ကျပ်သန်းပေါင်း)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၃၁,၇၀၅. ၁၀၃ | | | | | | | | | ၃၁,၇၀၅. ၁၀၃ |
| ၂ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၉,၀၀၀. ၀၀၀ | | | | | | | | | ၃၉,၀၀၀. ၀၀၀ |
| ၃ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၉၂,၂၀၀. ၀၀၀ | | | | ၁၈,၃၅၈. ၇၂၈ | | ၃၈,၃၀၄. ၂၅၄ | | | ၄၄၈,၈၆၂. ၉၈၂ |
| ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၅၁,၂၁၂. ၉၅၉ | | | | ၆၄. ၂၆၀ | | | | | ၂၅၁,၂၇၇. ၂၁၉ |
| ၅ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁,၈၇၁,၈၇၆. ၂၇၁ | | | | ၂၈,၅၀၄. ၂၀၅ | | ၁၇၁,၉၀၃. ၉၀၇ | | | ၂,၀၇၂,၂၈၄. ၃၈၃ |
| ၆ | စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃,၆၃၅,၁၈၈. ၄၈၃ | | | | | | | | | ၃,၆၃၅,၁၈၈. ၄၈၃ |
| ၇ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၀၃,၁၉၆. ၃၉၁ | | | ၁,၇၃၆. ၁၉၅ | ၂၃၃. ၁၇၂ | | ၇,၅၂၈. ၁၄၉ | | | ၂၁၂,၆၉၃. ၉၀၇ |
| ၈ | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၂၀,၃၄၀. ၈၈၉ | | | | | | | | | ၃၂၀,၃၄၀. ၈၈၉ |
| ၉ | ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၈၀,၇၀၁. ၀၆၃ | | | | ၈၇၈. ၄၂၄ | | ၁,၃၁၇. ၆၃၆ | | | ၃၈၂,၈၉၇. ၁၂၃ |
| ၁၀ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၈၀,၀၇၂. ၁၂၃ | | | | ၂၅,၀၉၂. ၀၀၀ | | ၇၄,၄၀၅. ၇၀၂ | | | ၁၇၉,၅၆၉. ၈၂၅ |
| | ပေါင်း | | | | ၇,၂၀၅,၄၉၃. ၂၈၂ | | | ၁,၇၃၆. ၁၉၅ | ၇၃,၁၃၀. ၇၈၉ | | ၂၉၃,၄၅၉. ၆၄၈ | | | ၇,၅၇၃,၈၁၉. ၉၁၄ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှသုံးငွေများ — သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ — ထုတ်ချေးငွေ | ကြွေးမြီ — ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | သုံးငွေပေါင်း | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းသုံး ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ (၁၂+၁၃) |
| ၁ | မြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၂,၂၅၅. ၁၅၀ | | | ၂,၈၈၂. ၅၉၄ | | | | | ၁၅,၁၃၇. ၇၄၄ | ၁၉,၈၂၀. ၈၃၅ | ၃၄,၉၅၈. ၅၇၉ |
| ၂ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃၆,၆၃၄. ၀၄၅ | | | ၆၀. ၀၀၀ | | | | | ၃၆,၆၉၄. ၀၄၅ | | ၃၆,၆၉၄. ၀၄၅ |
| ၃ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၅၃,၇၅၈. ၆၄၈ | | | ၁၁၆,၈၁၀. ၅၂၉ | | ၁၅,၅၃၂. ၆၈၇ | | | ၁၈၆,၁၀၁. ၈၆၄ | ၂၁၆,၇၀၄. ၅၃၉ | ၄၀၂,၈၀၆. ၄၀၃ |
| ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၆၀,၄၄၄. ၆၃၈ | | | ၁၂၂. ၀၂၆ | | ၆၅၄. ၀၀၀ | ၁၁၂. ၅၀၀ | | ၁၆၂,၃၃၃. ၁၆၄ | ၁၇၄,၉၃၄. ၈၃၅ | ၃၃၇,၂၆၇. ၉၉၉ |
| ၅ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၃၆,၉၅၅. ၇၀၄ | | | ၄၇၁,၇၉၈. ၀၇၇ | | ၂၆,၄၀၇. ၄၃၉ | | | ၆၃၅,၁၆၀. ၂၂၀ | ၁,၆၆၉,၉၇၅. ၁၅၀ | ၂,၃၀၅,၁၃၆. ၃၇၀ |
| ၆ | စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃၀၄,၂၈၆. ၃၃၀ | | | ၆၁,၁၀၅. ၁၄၁ | | ၁၂၅,၁၈၁. ၀၅၄ | | | ၄၉၀,၅၇၂. ၅၂၅ | ၂,၇၆၈,၇၈၆. ၂၂၀ | ၃,၂၅၉,၃၅၈. ၇၄၅ |
| ၇ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၆၇,၂၇၉. ၅၈၉ | | | ၂၅၅,၉၄၇. ၈၆၁ | | ၄၇,၁၈၁. ၄၃၃ | | | ၄၇၀,၄၀၈. ၈၈၃ | ၁၀၃,၃၃၁. ၅၅၄ | ၅၇၃,၇၄၀. ၄၃၇ |
| ၈ | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၃,၅၃၇. ၉၁၁ | | | ၁၅၁. ၀၅၇ | | | | | ၂၃,၆၈၈. ၉၆၈ | ၁၃၇,၁၁၇. ၆၀၇ | ၁၆၀,၈၀၆. ၅၇၅ |
| ၉ | ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃၇၈,၀၁၀. ၃၄၉ | | | ၂၃,၁၇၆. ၅၈၈ | | | | | ၄၀၁,၁၈၆. ၉၃၇ | | ၄၀၁,၁၈၆. ၉၃၇ |
| ၁၀ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၉၅,၇၃၄. ၅၆၇ | | | ၁၇၂,၇၂၀. ၀၉၆ | | ၁၇,၉၄၆. ၂၂၀ | | | ၂၈၆,၄၀၀. ၈၈၃ | ၅၄,၅၉၅. ၅၆၈ | ၃၄၀,၉၉၆. ၄၅၁ |
| | ပေါင်း | | ၁,၃၆၉,၈၉၆. ၉၃၁ | | | ၁,၁၀၄,၇၇၃. ၉၆၉ | | ၂၃၂,၉၀၂. ၈၃၃ | ၁၁၂. ၅၀၀ | | ၂,၇၀၇,၆၈၆. ၂၃၃ | ၅,၀၄၅,၂၆၆. ၃၀၈ | ၇,၈၅၂,၉၅၂. ၅၄၁ |

ဇယား (၉)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | | | ၁၆၉,၂၃၄.၀၀၀ | | | | ၁၈,၃၆၀.၀၀၀ | | ၁၁၃,၄၅၆.၆၄၀ | | | ၃၀၁,၀၅၀.၆၄၀ |
| | ပေါင်း | | | | ၁၆၉,၂၃၄.၀၀၀ | | | | ၁၈,၃၆၀.၀၀၀ | | ၁၁၃,၄၅၆.၆၄၀ | | | ၃၀၁,၀၅၀.၆၄၀ |

ဇယား (၁၀)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတ က တာဝန်ပေးသူ | ၁၄၅,၃၀၅. ၅၂၀ | | | ၁၄၁,၄၆၀. ၇၂၄ | | ၆,၂၅၄. ၉၈၀ | | | ၂၉၃,၀၂၂. ၂၂၄ |
| | ပေါင်း | | ၁၄၅,၃၀၅. ၅၂၀ | | | ၁၄၁,၄၆၀. ၇၂၄ | | ၆,၂၅၄. ၉၈၀ | | | ၂၉၃,၀၂၂. ၂၂၄ |

**တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတ က တာဝန်ပေးသူ | ၃. ၀၅၁ | | ၉၁၃. ၉၃၁ | | | | | | | | | ၉၁၆. ၉၈၂ |
| | ပေါင်း | | **၃. ၀၅၁** | | **၉၁၃. ၉၃၁** | | | | | | | | | **၉၁၆. ၉၈၂** |

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၂၈/၂၀၁၄) နှင့် (၂၉/၂၀၁၄) အရ အောက်ပါအရာထမ်း (၆) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးလွင်ကိုဦး | ဒုတိယညွှန်ကြားရေးမှူး |
| ၂။ | ဦးကျော်မင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဦးညွန့်လင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ၄။ | ဦးမျိုးမင်းသူ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၅။ | ဦးစိုင်းဆမ် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၆။ | ဦးလှမျိုး | လက်ထောက်ညွှန်ကြားရေးမှူး |

### အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၅၈/၂၀၁၄) နှင့် (၆၀/၂၀၁၄) အရ အောက်ပါအရာထမ်း (၃) ဦးတို့အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးကျော်စိုးမင်း | ဒုတိယညွှန်ကြားရေးမှူး |
| ၂။ | ဦးသန်းဇော်ဦး | ဒုတိယညွှန်ကြားရေးမှူး |
| ၃။ | ဦးတင်ထွေး | ဦးစီးအရာရှိ |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၀၆/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

အမျိုးသားလွှတ်တော်သို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဦးမြင့်စိန်အား ဥက္ကဋ္ဌရုံး၊ ဌာနတွင်း စာရင်းစစ်ဌာနခွဲတွင် ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တာဝန်ပေးခန့်အပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၂ ရက် )

အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ဒုတိယဦးစီးမှူး ဒေါက်တာစောကေသွယ်အုန်းအား ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## စည်ပင်သာယာရေးဝန်ကြီးဌာန

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

အမှတ် ၈ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး၊ ဦးလင်းဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

အမှတ် ၉ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါလက်ထောက် ညွှန်ကြားရေးမှူး (၉) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာများတွင် အတည်ပြုခန့်ထားလိုက်သည် -

